## ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (ပအလဖ-PNLO ) မှ
## (၆၅) နှစ်မြောက် ရှမ်းပြည်ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေးနေ့
## ထုတ်ပြန်ကြေငြာချက်

ယနေ့သည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ (၁၁)ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ)ကို ဖွဲ့စည်း၍ ပဒေသရာဇ်စနစ်အား လက်နက်ကိုင်လမ်းစဥ်ဖြင့် စတင်တော်လှန်ခဲ့သည့် (၆၅)နှစ်မြောက် ရှမ်းပြည် ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေးနေ့ အခါသမယဖြစ်ပေသည်။ ထို့အတူပင် ပဒေသရာဇ်စနစ် ဆန့်ကျင် တော်လှန်ရေးဖြင့် သန္ဓေတည်ခဲ့သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်မှု တော်လှန်ရေးသည်လည်း (၆၅)နှစ် တာ ကြာမြင့်ခဲ့ပြီ ဖြစ်ပေသည်။

လွတ်လပ်ရေး ရရှိခဲ့ပြီးဖြစ်သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်ထောင်စုအဖွဲ့ဝင် ရှမ်းပြည်နယ် တွင် ခေတ်ကာလအခြေအနေတို့နှင့် မကိုက်ညီတော့သည့် ပဒေသရာဇ်စနစ် ဆက်လက်တည်ရှိနေခြင်းကြောင့် လည်းကောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို မြတ်နိုးသောကြောင့်လည်းကောင်း၊ လက်နက်ကိုင်လမ်းစဥ်နှင့် လူထုလှုပ်ရှားမှုအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် **ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေး မော်ကွန်းများ**ကို ရှမ်းပြည် တိုင်းရင်းသားလူမျိုးပေါင်းစုံ လူထုလူတန်းစားအလွှာပေါင်းစုံတို့က သွေးချွေးတို့ဖြင့် ရင်းနှီးစိုက်ထူခဲ့ကြ ရပေသည်။

လက်နက်ကိုင်တော်လှန်ရေးအပြင် ကြီးကျယ်ထင်ရှားသော လူထုလှုပ်ရှားမှုကြီးများလည်း ရှိခဲ့ပေ သည်။ အထူးအားဖြင့် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ (၄) နေ့တွင် တောင်ကြီးမြို့၌ **"ပဒေသရာဇ်စနစ် အလိုမရှိ၊ ပအိုဝ်းအရေး ချက်ချင်းပေး၊ ပြည်ထောင်စုကြီး တည်မြဲပါစေ၊ ဒီမိုကရေစီအရေး တို့အရေး"** ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည့် ပအိုဝ်းပြည်သူ တစ်သောင်းကျော်၏ လူထုဆန္ဒပြပွဲကြီးသည်လည်းကောင်း၊ ၁၉၅၂ ခုနှစ် မေလ(၂၂)ရက်နေ့တွင် တောင်ကြီးမြို့၌ ညောင်ရွှေ၊ ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ ဟိုပုံးနှင့် တောင်ကြီးအပါ အဝင် နယ်ပေါင်းစုံမှ တက်ရောက်လာကြသော ရှမ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ လီဆူ၊ ပအိုဝ်းနှင့် ဂေါ်ရခါး အပါအဝင် ရှမ်းပြည်လူထုအင်အား နှစ်သောင်းကျော် တက်ရောက်ခဲ့ကြသည့် လူထုအစည်းအဝေးကြီးသည် လည်းကောင်း၊ ထို့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များဖြစ်သော **"ပဒေသရာဇ်စနစ် အလိုမရှိ၊ စုံစမ်းရေး ကော်မရှင် အလိုမရှိ၊ ဒီမိုကရေစီအုပ်ချုပ်ရေး ချက်ချင်းပေး"** တို့ကို ကြွေးကြော်၍ ရှမ်းပြည်လွှတ်တော်နှင့် ရှမ်းပြည်အစိုးရရုံးများသို့ သွားရောက်ဆန္ဒထုတ်ဖော်ခဲ့သော လူထုလှုပ်ရှားမှုကြီးတို့သည်လည်းကောင်း ကြီး ကျယ်ထင်ရှားခဲ့ကြပေသည်။

နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးနှင့် ပဒေသရာဇ်စနစ် လက်အောက်မှ လွတ်မြောက်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် (ရပလ)၊ တန်းတူသောလူမျိုးအဖြစ် ခံယူပြဌာန်း ရပ်တည်၍ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် ရရှိရေးကို ဦးတည်လှုပ်ရှားခဲ့သည့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ-PNLO)နှင့်၊ ပဒေသရာဇ်စနစ် ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီရှင်သန် ရေးကို ဦးတည်ဖော်ဆောင်ခဲ့သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)တို့၏ ဦးဆောင် ဦးရွက် ပြုမှုများကြောင့်လည်း ပဒေသရာဇ်စနစ်ဆန့်ကျင်တော်လှန်ရေး လှုပ်ရှားမှုအရှိန်အဟုန်သည် မြင့်မားသထက် မြင့်မားခဲ့ပြီး ပဒေသရာဇ်စနစ်လည်း ချုပ်ငြိမ်းခဲ့ရပေသည်။

ပဒေသရာဇ်စနစ် ချုပ်ငြိမ်းခဲ့ပြီ ဖြစ်သော်လည်း ရှမ်းပြည်လူမျိုးပေါင်းစုံ လူထုလူတန်းစား အလွှာပေါင်းစုံ တို့ လိုလားတောင့်တခဲ့သည့် ဒီမိုကရေစီအုပ်ချုပ်ရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်တို့နှင့် ဝေးသထက် ဝေးခဲ့ရပြီး အာဏာရှင်စနစ် အမျိုးမျိုးအောက်သို့ ဆက်လက်ကျရောက်ခဲ့ရပေသည်။ သို့ဖြင့်၍လည်း ဒီမိုကရေစီ

ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ရရှိရေးအတွက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ) မှသည် ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့(ရလလဖ)ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်း၍လည်း တော်လှန်လှုပ်ရှားခဲ့ကြရပေသည်။

(၆၅) နှစ်တာ ကာလအတွင်းတွင် အသွင်ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တော်လှန်လှုပ်ရှားခဲ့ကြသော်လည်း၊ ယနေ့တိုင် ရှမ်းပြည်ရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ ဘဝတူညီနောင် ပြည်ထောင်စုဖွားအပေါင်းတို့မှာ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြရဆဲ ဖြစ်ပေသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (ပအလဖ-PNLO)သည် ပြည်ထောင်စုသမ္မတ၏ အထူးကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းထံ အောက်ပါနိုင်ငံရေး ရပ်တည်ချက် (၃)ရပ်ကို ပေးအပ်၍ အပစ်ခတ်ရပ်စဲရေး ဆွေးနွေးခဲ့ပါသည်။ ၎င်းတို့မှာ -

(က) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်သည် ဗမာအပါအဝင် ဘဝတူ ညီနောင်တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်ရေးကို အစဉ်အမြဲ အလေးထားလျက် ပြည်ထောင်စုမှ ခွဲထွက်ရေးမူကို လုံးဝအားပေးမည် မဟုတ်။

(ခ) နယ်တွင်း အုပ်ချုပ်ရေး၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရာနှုန်းပြည့် ရှိစေရမည်။

(ဂ) တန်းတူရည်တူ ဖက်ဒရယ်မူဖြင့် ပြည်ထောင်စုကို ထူထောင်နိုင်သည့် အချိန်အခါတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်မှု တော်လှန်ရေး ပြီးပြည့်စုံမည်... တို့ဖြစ်ပါသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လ (၂၅)နေ့တွင် ပြည်နယ်အဆင့်၊ ၂၀၁၃ ခုနှစ် မတ်(၂၃)ရက်နေ့တွင် ပြည်ထောင်စုအဆင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ တစ်ပြည်လုံး အတိုင်းအတာ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Accord) ရရှိရေးအတွက် အင်အားသုံးဖြေရှင်းမှု မပါဘဲ အကြေအလည် ညှိနှိုင်းဆွေးနွေးမှုများဖြင့် ရယူနိုင်ရေးကို ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပအိုဝ်းအမျိုးသားခေါင်းဆောင်ကြီး ဦးလှဖေ အပါအဝင် ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေး ခေါင်းဆောင်ကြီးများနှင့် တော်လှန်ရေးအဆက်ဆက်တွင် ကျဆုံးခဲ့သည့်အာဇာနည်ရဲဘော် အပေါင်းတို့အား ဦးညွှတ်ဂါရဝပြုလျက်-

ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုများ အောင်မြင်စေရေး၏ အဓိကအကြောင်းရင်းဖြစ်သော **နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ အပါအဝင် နိုင်ငံရေး ဆွေးနွေးပွဲ အဆင့်ဆင့် အောင်မြင်စေရေး** တို့ကို ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်က အစဉ်တစိုက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာဖြင့် ကတိပြု၍ ဤကြေငြာချက်ကို ထုတ်ပြန်အပ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်

ဗဟိုကော်မတီ

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်